စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန
လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်၊ သွင်းကုန်နှင့် ရေထွက်ပစ္စည်းတင်ပို့မှုဆိုင်ရာ အစီရင်ခံစာ တင်ပြခြင်း

(၂၀၂၂ ခုနှစ်၊မတ်လ )

ရက်စွဲ ၊ ၂၉-၄-၂၀၂၂

## မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | (၅) နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| ၄။ | ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၄ |
| ၅။ | လယ်ယာထွက်ကုန်အမယ်အလိုက် တင်ပို့နိုင်မှုအခြေအနေ | ၇ |
| ၆။ | လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ | ၈ |
| ၇။ | ဆီထွက်သီးနှံတင်ပို့မှုအခြေအနေ | ၁၃ |
| ၈။ | ရေထွက်ပစ္စည်းရောင်းချမှုအခြေအနေ | ၁၃ |
| ၉။ | (၅) နှစ်တာကာလအတွင်း သွင်းကုန်တင်ပို့မှုနှိုင်းယှဉ်ချက် | ၁၄ |
| ၁၀။ | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၁၅ |
| ၁၁။ | လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၆ |
| ၁၂။ | နိဂုံး | ၁၈ |

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၂ ခုနှစ်၊ မတ်လ)

## နိဒါန်း


၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထိ (၁၁) နှစ်တာ ကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံး ရရှိနေသည်ကို (ဇယား-၁၊ ပုံ-၁) တွေ့ရှိရသည်။

**ဇယား (၁) – ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား**
**၂၀၁၁-၂၀၁၂ မှ ၂၀၂၁-၂၂ (မတ်လ ၃၁ ရက်အထိ)**

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ (ဘဏ္ဍာ) | ၂၀၂၁-၂၀၂၂(Mini Budget) ၃၁-၃-၂၀၂၂ ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃၇၂.၅၆ | ၂၆၉၆.၇၄ | ၂၆၆၁.၀၁ | ၂၉၁၉.၆၆ | ၂၆၁၅.၇၇ | ၂၉၂၈.၁၀ | ၃၀၈၇.၁၂ | ၁၂၇၈.၇၆ | ၃၂၆၁.၅၉ | ၃၇၂၅.၇၀ | ၄၆၂၄.၁၃ | ၂၄၀၇.၈၆ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၉၀.၆၉ | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၈.၈၁ | ၅.၃၆ |
| ၃ | ရေထွက်ပစ္စည်း | ၇၀၅.၉၁ | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၁.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၇၈၅.၀၂ | ၄၈၁.၅၈ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၈၉၇.၇၁ | ၃၉၉.၀၆ | ၁၃၃၉.၄၆ | ၁၄၉၈.၈၈ | ၉၆၈.၃၅ | ၁၀၁၀.၇၈ | ၁၇၈၄.၀၂ | ၁၀၄၉.၁၈ | ၁၄၆၅.၄၆ | ၁၈၇၀.၈၄ | ၈၉၅.၆၁ | ၂၈၄.၀၇ |
| ၅ | သစ်တောထွက်ပစ္စည်း | ၆၄၁.၉၉ | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄၀ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၁ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၁၂၈.၁၂ | ၈၃.၉၀ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၀၈၃.၉၅ | ၄၄၉၂.၈၇ | ၄၆၃၇.၅၀ | ၆၅၂၄.၆၁ | ၅၇၃၄.၄၆ | ၅၄၇၇.၅၁ | ၆၉၇၉.၈၁ | ၄၆၇၂.၅၈ | ၁၀၂၉၀.၉၆ | ၉၉၉၇.၁၉ | ၈၂၂၄.၆၉ | ၄၆၈၄.၅၄ |
| ၇ | အခြားပစ္စည်း | ၃၄၂.၈၀ | ၁၃၅.၆၄ | ၁၀၈၆.၅၀ | ၁၀၅၆.၈၅ | ၁၁၂၈.၂၉ | ၁၇၄၃.၀၀ | ၂၀၆၀.၀၅ | ၁၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၆၅၈.၀၇ | ၃၃၂.၁၃ |
| စုစုပေါင်း | | ၉၁၃၅.၆၀ | ၈၉၇၇.၀၂ | ၁၁၂၀၃.၉၆ | ၁၂၅၂၃.၇၂ | ၁၁၁၃၆.၈၈ | ၁၁၉၉၈.၅၅ | ၁၄၈၈၃.၁၆ | ၈၈၆၁.၀၃ | ၁၇၀၆၀.၄၂ | ၁၇၆၈၁.၀၉ | ၁၅၃၃၄.၄၄ | ၈၂၇၉.၄၄ |




ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၁-၂၂ ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဇယား

## ရည်ရွယ်ချက်

၃။ (က) လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအား အချိန်နှင့် တပြေးညီ သိရှိနိုင်စေရန်၊

(ခ) မူဝါဒချမှတ်ခြင်းနှင့် သုတေသနစာတမ်းများပြုစုခြင်းတို့အတွက် အထောက်အကူပြုစေရန်။


## (၅) နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်

၄။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၁,၉၉၈.၅၅) သန်းရှိသည့်အနက် လယ်ယာထွက်ကုန်အနေဖြင့် (၂,၈၂၈.၁၀) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ယာယီ) တွင် ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၅,၃၃၄.၄၄) သန်းတွင် လယ်ယာထွက်ကုန်အနေဖြင့် (၄,၆၂၄.၁၃) သန်းရှိခဲ့သဖြင့် (ဇယား-၁)၊ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်(၂၄%)၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ယာယီ) တွင် (၃၀%) ရှိခဲ့သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၆%) တိုးမြင့်လာခဲ့ကြောင်း (ဇယား-၂၊ ပုံ-၂) အရသိရသည်။

## ဇယား (၂) – ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား

ပါဝင်မှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈ (Mini budget) | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ (ယာယီ) | ၂၀၂၁-၂၂ (၃၁-၃-၂၀၂၂ ) ထိ |
|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃% | ၂၄% | ၂၁% | ၁၄% | ၁၉% | ၂၁% | ၃၀% | ၂၉% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၀% | ၀% | ၀.၄% | ၂% | ၂% | ၁% | ၀.၁% | ၀.၀၆% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၃% | ၄% | ၅% | ၅% | ၆% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၈% | ၁၂% | ၁၂% | ၉% | ၁၁% | ၆% | ၃% |
| ၅ | သစ်တောထွက်ပစ္စည်း | ၂% | ၂% | ၁% | ၁% | ၁% | ၁% | ၁% | ၁% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၁% | ၄၆% | ၄၇% | ၅၃% | ၆၀% | ၅၆% | ၅၄% | ၅၇% |
| ၇ | အခြားပစ္စည်း | ၁၀% | ၁၅% | ၁၄% | ၁၅% | ၅% | ၅% | ၄% | ၄% |
| | စုစုပေါင်း | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |




ပုံ (၂)။ ၂၀၁၅-၁၆ မှ ၂၀၂၁-၂၂ ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှု(%)အခြေပြဂရပ်

၅။ သို့ဖြစ်၍ ၂၀၁၆-၁၇ မှ ၂၀၂၀-၂၁ ထိ (၅) နှစ်တာကာလအတွင်း နိုင်ငံ၏ စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၃,၃၃၅.၉၀) သန်း နှင့် လယ်ယာ ထွက်ကုန် ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁,၆၉၆.၀၃) သန်းတိုးတက် (ဇယား-၁) ရရှိခဲ့သည်။

၆။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ(၁) ရက် မှ ၂၀၂၂ ခုနှစ် မတ်လ(၃၁) ရက်ထိ စာရင်းများအရ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၈၂၇၉.၄၄) သန်းထိ ရှိသည့်အနက် လယ်ယာထွက်ကုန် ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၂၄၀၇.၈၆) သန်းထိ (ဇယား-၁) ပါဝင်ခဲ့ရာ၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ကုန်ပို့ကုန်တန်ဖိုး ပါဝင်မှုအချိုးမှာ (၂၉)% ထိ တိုးတက်လာခဲ့သည်ကို (ဇယား-၂၊ ပုံ-၂) တွေ့ရှိရပါသည်။

၇။ အစီရင်ခံကာလအတွင်း လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ (၂၄၀၇.၈၆) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ (၅.၃၆) သန်း၊ ရေထွက်ပစ္စည်း တင်ပို့မှုမှ ဒေါ်လာ (၄၈၁.၅၈) သန်းခန့် ရရှိခဲ့သည့်အတွက် လယ်ယာကဏ္ဍ (လယ်ယာ၊ တိရိစ္ဆာန်နှင့် ရေထွက်ပစ္စည်း) တင်ပို့မှု ပို့ကုန်တန်ဖိုး စုစုပေါင်း ဒေါ်လာ(၂၈၉၄.၈) သန်း (ဇယား-၁) ရှိပြီး၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် တန်ဖိုးပါဝင်မှုအချိုးမှာ (၃၅)% ထိရှိလာခဲ့သည်ကို (ဇယား-၂၊ ပုံ-၂) တွေ့ရှိရပါသည်။

## ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၈။ ယခင်နှစ်၊ ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုးစုစုပေါင်းအနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာ(၁) ရက်မှ ၂၀၂၂ ခုနှစ် မတ်လ(၃၁) ရက်အထိ အမေရိကန်ဒေါ်လာ (၈၂၇၉.၄၄) သန်းရှိရာ ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၈၁၈၀.၆၁) သန်းရှိခဲ့သည့်အတွက် ယခင်နှစ် အလားတူကာလထက် ဒေါ်လာ (၉၈.၈၃) သန်း/ (၁.၂) % ခန့် (ဇယား-၃) ပိုမို တင်ပို့ခဲ့ကြောင်း တွေ့ရသည်။

**ဇယား (၃) – ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှု (နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်)**
**နှိုင်းယှဉ်မှုအခြေအနေ**

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၁-၂၀၂၂ Mini Budget(ယာယီ) | | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (၃၁-၃-၂၀၂၁)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | လယ်ယာထွက်ပစ္စည်း | | ၂၄၀၇.၈၅၉ | ၂၄၀၇.၈၅၉ | | ၂၉၂၈.၁၄၃ | ၂၉၂၈.၁၄၃ | | -၅၂၀.၂၈၄ | -၅၂၀.၂၈၄ | -၁၈% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | | ၅.၃၅၆ | ၅.၃၅၆ | | ၁၆.၁၂၆ | ၁၆.၁၂၆ | | -၁၀.၇၇ | -၁၀.၇၇ | -၆၇% |
| ၃ | ရေထွက်ပစ္စည်း | | ၄၈၁.၅၈၁ | ၄၈၁.၅၈၁ | | ၄၄၂.၁၆၈ | ၄၄၂.၁၆၈ | | ၃၉.၄၁၃ | ၃၉.၄၁၃ | ၉% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | | ၂၈၄.၀၆၇ | ၂၈၄.၀၆၇ | ၂၆.၈၂၂ | ၅၀၆.၂၉၃ | ၅၃၃.၁၁၅ | -၂၆.၈၂၂ | -၂၂၂.၂၂၆ | -၂၄၉.၀၄၈ | -၄၇% |
| ၅ | သစ်တောထွက်ပစ္စည်း | ၁.၈၇၄ | ၈၂.၀၂၈ | ၈၃.၉၀၂ | ၁.၁၇ | ၆၄.၀၁၆ | ၆၅.၁၈၆ | ၀.၇၀၄ | ၁၈.၀၁၂ | ၁၈.၇၁၆ | ၂၉% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၁၇၀၅.၄၃၂ | ၂၉၇၉.၁၁၂ | ၄၆၈၄.၅၄၄ | ၁၅၆၄.၅၂၄ | ၂၄၁၄.၂၀၇ | ၃၉၇၈.၇၃၁ | ၁၄၀.၉၀၈ | ၅၆၄.၉၀၅ | ၇၀၅.၈၁၃ | ၁၈% |
| ၇ | အခြား | ၄၀.၀၄၁ | ၂၉၂.၀၉၃ | ၃၃၂.၁၃၄ | ၂၇.၈၉၉ | ၁၈၉.၂၄၄ | ၂၁၇.၁၄၃ | ၁၂.၁၄၂ | ၁၀၂.၈၄၉ | ၁၁၄.၉၉၁ | ၅၃% |
| | **စုစုပေါင်း** | ၁၇၄၇.၃၇ | ၆၅၃၂.၀၉၆ | ၈၂၇၉.၄၄၃ | ၁၆၂၀.၄၁၅ | ၆၅၆၀.၁၉၇ | ၈၁၈၀.၆၁၂ | ၁၂၆.၉၃၂ | -၂၈.၁၀၁ | ၉၈.၈၃၁ | ၁.၂% |


**၉။** လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးစုစုပေါင်း တိုးတက်ခဲ့ရာ လယ်ယာထွက်ပို့ကုန်အနေဖြင့် ဒေါ်လာ (၂၄၀၇.၈၆) သန်း ရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၂၉၂၈.၁၄) သန်း ရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၅၂၀.၂၈) သန်း နှင့် တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ (၅.၃၆) သန်းရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၁၆.၁၃) သန်းဖြစ်၍ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၁၀.၇၇)သန်း အသီးသီး လျော့နည်းခဲ့ပြီး ရေထွက်ပစ္စည်းတင်ပို့မှုမှာ ယခုနှစ်တွင် ဒေါ်လာ (၄၈၁.၅၈) သန်း ရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၄၄၂.၁၇) သန်းဖြစ်၍ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၃၉.၄၁)သန်း တိုးမြင့်ခဲ့ကြောင်း ဖော်ပြပါ (ဇယား – ၃) အရသိရှိရပါသည်။

၁၀။ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ကုန်ပို့ကုန် ပါဝင်မှုရာခိုင်နှုန်း အနေဖြင့်လည်း လက်ရှိဘဏ္ဍာနှစ်တွင် (၂၉%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၃၆%) ရှိခဲ့သည့် အတွက် ပါဝင်မှု% အနေဖြင့်(၇)% နှင့် တိရိစ္ဆာန်ထွက်ပစ္စည်းပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၀.၁%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၀.၂%) ရှိခဲ့သည့် အတွက်ပါဝင်မှု% အနေဖြင့် (၀.၁)% လျော့ကျခဲ့သည်ကို (ဇယား ၄၊ ပုံ-၃ နှင့် ပုံ-၄) တွေ့ရှိရသည်။

**ဇယား (၄) – ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှုနှင့် နှိုင်းယှဉ်မှုအခြေအနေ**


ဒေါ်လာသန်း

| **ခုနှစ်** | လယ်ယာထွက်ပစ္စည်း | တိရစ္ဆာန်ထွက်ပစ္စည်း | ရေထွက်ပစ္စည်း | သတ္တုတွင်းထွက်ပစ္စည်း | သစ်တောထွက်ပစ္စည်း | စက်မှုကုန်ချောပစ္စည်း | အခြား | **စုစုပေါင်း** | လယ်ယာထွက်ပစ္စည်း % | လယ်ယာတိုးနှုန်း % |
|---|---|---|---|---|---|---|---|---|---|---|
| ၂၀၂၁-၂၂ **(Mini Budget)** (၃၁-၃-၂၀၂၂) | ၂၄၀၇.၈၆ | ၅.၃၆ | ၄၈၁.၅၈ | ၂၈၄.၀၇ | ၈၃.၉ | ၄၆၈၄.၅၄ | ၃၃၂.၁၃ | ၈၂၇၉.၄၄ | ၂၉% | ၃၅.၀% |
| ၂၀၂၀-၂၁ (၃၁-၃-၂၀၂၁) | ၂၉၂၈.၁၄ | ၁၆.၁၃ | ၄၄၂.၁၇ | ၅၃၃.၁၂ | ၆၅.၁၉ | ၃၉၇၈.၇၃ | ၂၁၇.၁၄ | ၈၁၈၀.၆၁ | ၃၆% | ၄၁.၄% |
| **တိုး(+)/ လျော့(-)** | -၅၂၀.၂၈ | -၁၀.၇၇ | ၃၉.၄၁ | -၂၄၉.၀၅ | ၁၈.၇၂ | ၇၀၅.၈၁ | ၁၁၄.၉၉ | ၉၈.၈၃ | -၇% | -၆.၄% |




ပုံ (၃)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍာပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဇယား

**၁၁။** လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်နှင့် ရေထွက်ပစ္စည်းတင်ပို့မှုများပါဝင်သည့် လယ်ယာကဏ္ဍတစ်ခုလုံးအနေဖြင့် ပို့ကုန်တန်ဖိုးမှာ (၁၁-၃-၂၀၂၁ မှ ၃၁-၃-၂၀၂၂) ရက်ထိ ဒေါ်လာ(၂၈၉၄.၈) သန်း ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၃၃၈၆.၄၄) သန်း ရှိခဲ့သည့်အတွက် တန်ဖိုးအားဖြင့် ဒေါ်လာ (၄၉၁.၆၄) သန်းခန့် လျော့နည်းတင်ပို့ခဲ့ပြီး၊ စုစုပေါင်း ပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် ပါဝင်မှုရာခိုင်နှုန်းအနေဖြင့် လက်ရှိဘဏ္ဍာနှစ်တွင် (၃၅)% ရှိလာခဲ့ကာ၊ ယခင်နှစ် အလားတူကာလတွင် (၄၁%) ဝန်းကျင်ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့်လည်း (၆)% ခန့် လျော့နည်းခဲ့သည်ကို (ဇယား-၄) တွေ့ရှိရသည်။




၂၀၂၁-၂၂ (၃၁-၃-၂၀၂၂) ထိ　　၂၀၂၀-၂၁(၃၁-၃-၂၀၂၁) ထိ

ပုံ (၄)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍာပို့ကုန်ရာခိုင်နှုန်း နှိုင်းယှဉ်ပြဇယား


## လယ်ယာထွက်ကုန်အမယ်အလိုက် တင်ပို့နိုင်မှုအခြေအနေ

၁၂။ လယ်ယာကဏ္ဍအဓိကပို့ကုန် အမယ် (၅) မျိုးအနေဖြင့် ယခင်နှစ်များကဲ့သို့ပင် ပဲအမျိုးမျိုး၊ ဆန် (ဆန်ကွဲ အပါအဝင်)၊ ပြောင်း၊ နှမ်းနှင့် ရာဘာတို့ဖြစ်ပြီး၊ ယင်းတို့အနက် ဆန်နှင့် ဆန်ကွဲ တင်ပို့မှုမှ ဒေါ်လာ (၄၄၄.၂၇) သန်း၊ ပဲတင်ပို့မှုမှ ဒေါ်လာ (၈၃၀.၆၃) သန်း၊ ပြောင်းတင်ပို့မှုမှ ဒေါ်လာ (၃၆၈.၂၃) သန်း၊ နှမ်းတင်ပို့မှုမှ ဒေါ်လာ (၁၉၄.၁၉) သန်း နှင့် ရာဘာတင်ပို့မှုမှ ဒေါ်လာ (၂၈၇.၅) သန်း အသီးသီးရရှိထားကြောင်း၊ အခြားအမယ်တင်ပို့မှုမှ ဒေါ်လာ (၂၈၃.၀၅) သန်း ရရှိထားကြောင်း (ဇယား-၅၊ ပုံ-၅) သိရှိရသည်။

**ဇယား (၅) – အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဇယား**

**ဒေါ်လာသန်း**

| စဉ် | ပို့ကုန်အမျိုးအမည် | ၂၀၁၆-၁၇ (ပြေီမှ မတ်) | ၂၀၁၇-၁၈ (ပြေီမှ မတ်) | ၂၀၁၈(Mini Budget) (ပြေီ မှ စက်) | ၂၀၁၈-၁၉ (အောက်မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (ယာယီ) | ၂၀၂၁-၂၂ (၃၁-၃-၂၀၂၂) ထိ |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန်၊ဆန်ကွဲ | ၅၅၃.၉၆၂ | ၁၁၄၂.၃၉၈ | ၃၉၀.၉၀၈ | ၇၀၉.၆၉၂ | ၇၉၄.၃၈၇ | ၇၀၀.၁၃ | ၄၄၄.၂၇ |
| ၂ | ပဲအမျိုးမျိုး | ၁၃၉၈.၉၀၅ | ၈၈၆.၇၂ | ၃၉၇.၆၀၅ | ၁၀၂၆.၃၀၆ | ၁၁၉၅.၈၀၇ | ၁,၅၇၀.၇၃ | ၈၃၀.၆၃ |
| ၃ | ပြောင်း | ၂၅၂.၅၉ | ၂၉၄.၅၀၁ | ၈၄.၃၇၁ | ၂၇၇.၀၈ | ၃၆၈.၃၇၁ | ၅၃၆.၃၄ | ၃၆၈.၂၃ |
| ၄ | နှမ်း | ၁၄၅.၆၉၄ | ၁၄၇.၀၆၃ | ၃၆.၄၄၃ | ၁၉၃.၆၂၃ | ၂၇၉.၃၈၈ | ၃၃၈.၉၈ | ၁၉၄.၁၉ |
| ၅ | ရာဘာ | ၁၉၇.၃၅၇ | ၁၉၃.၇၄၅ | ၈၈.၃၅၈ | ၂၅၇.၇၅၂ | ၂၆၄.၄၄၂ | ၄၃.၇၆ | ၂၈၇.၅ |
| ၆ | အခြား | ၃၇၉.၅၉၃ | ၄၂၂.၆၉၆ | ၂၈၁.၀၇၄ | ၇၉၇.၁၃၉ | ၈၂၃.၃၀၄ | ၁၄၃၄.၁၉ | ၂၈၃.၀၅ |
| | **စုစုပေါင်း** | **၂၉၂၈.၁၀၁** | **၃၀၈၇.၁၂၃** | **၁၂၇၈.၇၅၉** | **၃၂၆၁.၅၉၁** | **၃၇၂၅.၆၉၈** | **၄,၆၂၄.၁၃** | **၂၄၀၇.၈၆** |




ပုံ (၅) ။ အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဂရပ်


## လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ


၁၃။ ယခင်ဘဏ္ဍာနှစ် အလားတူကာလဖြင့်နှိုင်းယှဉ်ပါက (၃၁-၃-၂၀၂၁) မှ (၃၁-၃-၂၀၂၂) ထိ အဓိကလယ်ယာထွက်ကုန် အမျိုးအစားလိုက်တင်ပို့နိုင်မှုတွင် ဆန်(ဆန်ကွဲအပါအဝင်) အနေဖြင့် တန်ချိန်ပေါင်း (၂၃%) တန်ဖိုးအနေဖြင့် (၄%) နှင့် ပြောင်း အနေဖြင့် တန်ချိန် (၁၁%) နှင့် ရော်ဘာစိမ်းအနေဖြင့် တန်ချိန် (၇%)၊ တန်ဖိုး (၃%) နှင့် ပဲအမျိုးမျိုးတွင် တန်ချိန် (၁၂%)၊ တန်ဖိုး (၃%) တိုးမြင့်တင်ပို့ခဲ့သော်လည်း ပြောင်းအနေဖြင့် တန်ဖိုး(၁၂%)၊ နှမ်းအနေဖြင့် တန်ချိန် (၂၈%) နှင့် တန်ဖိုး (၃၂%) လျော့နည်းခဲ့ကြောင်း တစ်ဖက်ဖော်ပြပါ အချက်အလက်များအရ (ဇယား-၆၊ ပုံ-၆ နှင့် ပုံ-၇) သိရှိရသည်။

ဇယား (၆) – လယ်ယာထွက်ကုန်ပစ္စည်းအမျိုးအစားအလိုက် ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | အကြောင်း အရာ | ရေတွက်ပုံ | ကာလတူ(၁၁-၃-၂၀၂၂ ရက်နေ့အထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် (၂၀၂၁-၂၀၂၂) | ယခင်နှစ် (၂၀၂၀-၂၀၂၁) | ခြားနားချက် | |
| | | | | | ပမာဏ | % |
| လယ်ယာ+တိရစ္ဆာန်+ရေထွက် | | US$ | ၂၈၉၄.၈၀ | ၃၃၈၆.၄၃ | (၄၉၁.၆၄) | -၁၄.၉% |
| လယ်ယာထွက်ပစ္စည်း | | US$ | ၂၄၀၇.၈၆ | ၁၉၂၈.၁၄ | (၅၂၀.၂၈) | -၁၈% |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၄၄၄.၂၇၃ | ၄၂၈.၄၃၈ | ၁၅.၈၄ | ၄% |
| | | တန်ချိန် | ၁၃၈၂၀၅၉.၈၉၁ | ၁၁၂ ၀၀၀.၀၄၃ | ၂၅၆,၀၅၉.၈၅ | ၂၃% |
| | (က) ဆန် | US$ | ၂၉၃.၄၇၄ | ၂၆၄.၀၆ | ၂၉.၄၁ | ၁၁% |
| | | တန်ချိန် | ၈၈၄၂၀၄.၄၉၁ | ၆၅၃၆၅၆.၅၉၃ | ၂၃၀,၅၄၇.၉၀ | ၃၅% |
| | (ခ) ဆန်ကွဲ | US$ | ၁၅၀.၇၉၉ | ၁၆၄.၃၇၈ | (၁၃.၅၈) | -၈% |
| | | တန်ချိန် | ၄၉၇၈၅၅.၄ | ၄၇၂၃၄၃.၄၅ | ၂၅,၅၁၁.၉၅ | ၅% |
| ၂ | ပဲအမျိုးမျိုး | US$ | ၈၃၀.၆၂၅ | ၈၀၆.၀၃ | ၂၄.၆၀ | ၃% |
| | | တန်ချိန် | ၁၀၉၀၁၁၁.၇၄၁ | ၉၇၃၂၄၀.၄၆၅ | ၁၁၆,၈၇၁.၂၈ | ၁၂% |
| ၃ | ပြောင်း | US$ | ၃၆၈.၂၂၅ | ၃၃၁.၄၈၆ | ၃၆.၇၄ | ၁၁% |
| | | တန်ချိန် | ၁၅၂၁၉၄၅.၇၅၄ | ၁၇၂၀၉၄၇.၇ | (၁၉၉,၀၀၁.၉၅) | -၁၂% |
| ၄ | နှမ်း | US$ | ၁၉၄.၁၈၉ | ၂၈၄.၄၇၂ | (၉၀.၂၈) | -၃၂% |
| | | တန်ချိန် | ၁၅၁၄၆၃.၇၈၆ | ၂၀၉၄၆၅.၆၄၈ | (၅၈,၀၀၁.၈၆) | -၂၈% |
| ၅ | ရော်ဘာစိမ်း | US$ | ၂၈၇.၄၉၆ | ၂၇၈.၀၁၇ | ၉.၄၈ | ၃% |
| | | တန်ချိန် | ၁၉၂၀၃၅.၈၁၁ | ၁၈၀၂၂၈.၉၉၉ | ၁၁,၈၀၆.၈၁ | ၇% |
| ၆ | အခြားသီးနှံ | US$ | ၂၈၃.၀၅ | ၇၉၉.၇၀ | (၅၁၆.၆၅) | -၆၅% |
| တိရစ္ဆာန်ထွက်ပစ္စည်း | | US$ | ၅.၃၆ | ၁၆.၁၃ | (၁၀.၇၇) | -၆၇% |
| ရေထွက်ပစ္စည်း | | US$ | ၄၈၁.၅၈ | ၄၄၂.၁၆၈ | ၃၉.၄၁ | ၉% |




ပုံ (၆)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း

ပုံ (၇)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

၁၄။ ပို့ကုန်တင်ပို့မှုတွင် ပဲမျိုးစုံတင်ပို့မှုကို လေ့လာပါက ယခုနှစ်တွင် မတ်ပဲမှာ တန်ချိန် (၃၇၁၀၈၉.၉၀၂)၊ တန်ဖိုးဒေါ်လာ (၂၈၇.၉၀၁) သန်းဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ပြီး၊ ပဲတီစိမ်းမှာ တန်ချိန် (၃၈၃၃၄၀.၈၂၃)၊ တန်ဖိုးဒေါ်လာ (၂၉၆.၂၂၀) သန်းဖြင့် ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့ပါသည်။ ပဲစဉ်းငုံမှာ တန်ချိန် (၁၂၆၅၄၇.၈၃၉)ဖြင့် တန်ဖိုးအားဖြင့် တန်ဖိုးဒေါ်လာ (၈၄.၈၆၅) သန်းဖြင့် တတိယအများဆုံး တင်ပို့နိုင်ခဲ့ပြီး၊ မြေပဲဆန်တင်ပို့မှုမှာ တန်ချိန်အားဖြင့် (၄၉၉၅၃.၄၃၄) နှင့် တန်ဖိုး ဒေါ်လာ (၄၇.၆၆၃)သန်း စတုတ္ထအများဆုံး ရပ်တည်ခဲ့သည်ကို (ဇယား-၇) တွေ့ရသည်။

၁၅။ ယခင်ဘဏ္ဍာနှစ် အလားတူကာလဖြင့်နှိုင်းယှဉ်ပါက (၁-၁၀-၂၀၂၁) မှ (၃၁-၃-၂၀၂၂) ထိ မတ်ပဲတန်ချိန်(၅၀%) ၊တန်ဖိုး (၃၉%) နှင့် ပဲတီစိမ်း တန်ချိန် (၁၉%)၊ တန်ဖိုး (၁၁%)နှင့် ၊ ပဲစဉ်းငုံ တန်ချိန် (၃၂%) နှင့် တန်ဖိုး (၃၀%) တိုးမြင့်တင်ပို့နိုင်ခဲ့ပြီး မြေပဲဆန် တန်ချိန် (၆၁%) နှင့် တန်ဖိုး (၇၀%) စီ အသီးသီး လျော့နည်းခဲ့ကြောင်း (ဇယား-၇၊ ပုံ-၈နှင့် ပုံ-၉) ဖော်ပြပါအချက်အလက်များအရ သိရှိရသည်။


## ဇယား (၇) – ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် | ကာလတူ (အောက်တိုဘာလ ၁ ရက် မှ မတ်လ ၃၁ ရက်နေ့ထိ ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၁-၂၀၂၂) | ယခင်နှစ် (၂၀၂၀-၂၀၂၁) | ခြားနားချက် | |
| | | | | | | ပမာဏ | ပမာဏ |
| | ပဲအမျိုးမျိုး | US$ | ၁၅၇၀.၇၃ | ၈၃၀.၆၂၅ | ၈၀၆.၀၃ | ၂၄.၆၀ | ၃% |
| | | တန်ချိန် | ၂၀၂၉၂၅၁.၈၈ | ၁၀၉၀၁၁၁.၇၄၁ | ၉၇၃၂၄၀.၄၆၅ | ၁၁၆၈၇၁.၂၈ | ၁၂% |
| ၁ | မတ်ပဲ | US$ | ၅၂၆.၇၁ | ၂၈၇.၉၀၁ | ၂၀၇.၆၂၅ | ၈၀.၂၈ | ၃၉% |
| | | တန်ချိန် | ၆၇၇၅၂၆.၄၂ | ၃၇၁၀၈၉.၉၀၂ | ၂၄၆၉၈၃.၀၉ | ၁၂၄၁၀၆.၈၁ | ၅၀% |
| ၂ | ပဲတီစိမ်း | US$ | ၅၂၅.၄၀ | ၂၉၆.၂၂ | ၂၆၆.၄၉၁ | ၂၉.၇၃ | ၁၁% |
| | | တန်ချိန် | ၆၇၃၁၁၀.၈၈ | ၃၈၃၃၄၀.၈၂၃ | ၃၂၂၃၁၄.၆၅၁ | ၆၁၀၂၆.၁၇ | ၁၉% |
| ၃ | ပဲစင်းငုံ | US$ | ၁၄၄.၁၀ | ၈၄.၈၆၅ | ၆၅.၂၇၄ | ၁၉.၅၉ | ၃၀% |
| | | တန်ချိန် | ၂၁၄၀၉၁.၆၃ | ၁၂၆၅၄၇.၈၃၉ | ၉၅၇၃၁.၉၈၃ | ၃၀၈၁၅.၈၆ | ၃၂% |
| ၄ | ကုလားပဲ | US$ | ၁၅.၉၈ | ၃.၉၂၂ | ၃.၂၉၅ | ၀.၆၃ | ၁၉% |
| | | တန်ချိန် | ၂၇၂၁၂.၇၉ | ၆၁၃၂.၆၆ | ၅၅၂၈.၂၂၄ | ၆၀၄.၄၄ | ၁၁% |
| ၅ | ပဲလွန်းပြာ | US$ | ၂၈.၃၄ | ၁၉.၂၆၅ | ၁၆.၇၆၆ | ၂.၅၀ | ၁၅% |
| | | တန်ချိန် | ၄၉၉၆၂.၅၅ | ၂၇၁၂၅.၂၃၇ | ၃၃၉၃၃.၂၉၇ | -၆၈၀၈.၀၆ | -၂၀% |
| ၆ | မြေထောက်ပဲ | US$ | ၃၈.၀၃ | ၃၀.၄၅ | ၂၂.၈၈ | ၇.၅၇ | ၃၃% |
| | | တန်ချိန် | ၅၃၈၆၃.၃၅ | ၄၀၃၁၁.၉၆၁ | ၃၂၇၃၂.၁၃၉ | ၇၅၇၉.၆၄ | ၂၃% |
| ၇ | ထောပတ်ပဲ | US$ | ၂၅.၆၈ | ၃.၉၀၈ | ၁၄.၆၆၈ | -၁၀.၇၆ | -၇၃% |
| | | တန်ချိန် | ၄၅၂၂၅.၅၆ | ၅၇၀၉.၇၄ | ၂၄၈၆၅.၃၈၉ | -၁၉၁၅၅.၆၅ | -၇၇% |
| ၈ | ပဲယင်း | US$ | ၃၃.၄၂ | ၃၅.၅၇၆ | ၁၆.၂၄၅ | ၁၉.၃၃ | ၁၁၉% |
| | | တန်ချိန် | ၆၁၈၉၃.၀၉ | ၅၀၁၂၆.၆၆၅ | ၃၀၉၀၃.၂၇၁ | ၁၉၂၂၃.၃၉ | ၆၂% |
| ၉ | ပဲကြီး | US$ | ၁၁.၆၁ | ၂.၂၆၁ | ၁၀.၄၁၃ | -၈.၁၅ | -၇၈% |
| | | တန်ချိန် | ၁၉၄၂၂.၂၁ | ၃၄၂၈.၈၇ | ၁၇၃၃၈.၅၂၅ | -၁၃၉၀၉.၆၆ | -၈၀% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၁၁.၈၅ | ၁.၅၈၃ | ၈.၁၁၉ | -၆.၅၄ | -၈၁% |
| | | တန်ချိန် | ၁၈၅၅၆.၁၃ | ၂၃၆၄.၆၀၅ | ၁၂၅၃၉.၈၈ | -၁၀၁၇၅.၂၈ | -၈၁% |

**အမေရိကန်ဒေါ်လာသန်း**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် | ကာလတူ (အောက်တိုဘာလ ၁ ရက် မှ မတ်လ ၃၁ ရက်နေ့ထိ ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၁-၂၀၂၂) | ယခင်နှစ် (၂၀၂၀-၂၀၂၁) | ခြားနားချက် | |
| | | | | | | ပမာဏ | ပမာဏ |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၄.၂၇ | ၁၂.၄၁၈ | ၁.၂၄၉ | ၁၁.၁၇ | ၈၉၄% |
| | | တန်ချိန် | ၅၁၆၉.၅၄ | ၁၇၅၀၉.၉၄ | ၁၃၈၃.၃၃၈ | ၁၆၁၂၆.၆၀ | ၁၁၆၆% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၃.၆၅ | ၀.၂၉၈ | ၁.၀၉၇ | -၀.၈၀ | -၇၃% |
| | | တန်ချိန် | ၆၁၇၆.၁၆ | ၄၁၁. | ၂၀၆၅.၈၆၃ | -၁၆၅၄.၈၆ | -၈၀% |
| ၁၃ | ပဲနီကြား | US$ | ၄.၅၂ | ၀.၀၇၈ | ၂.၄၈၂ | -၂.၄၀ | -၉၇% |
| | | တန်ချိန် | ၉၉၆၆.၅၀ | ၁၉၅. | ၅၂၈၄.၅ | -၅၀၈၉.၅၀ | -၉၆% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၂.၄၂ | ၀.၁၈၂ | ၁.၆၈၁ | -၁.၅၀ | -၈၉% |
| | | တန်ချိန် | ၃၃၄၅.၈၃ | ၂၁၆.၅ | ၂၄၅၅.၈ | -၂၂၃၉.၃၀ | -၉၁% |
| ၁၅ | မြေပဲဆံ | US$ | ၁၈၈.၁၈ | ၄၇.၆၆ | ၁၅၇.၆၆၆ | -၁၁၀.၀၀ | -၇၀% |
| | | တန်ချိန် | ၁၅၈၂၄၈.၇၁ | ၄၉၉၅၃.၄၃၄ | ၁၂၇၂၁၂.၀၄၆ | -၇၇၂၅၈.၆၁ | -၆၁% |
| ၁၆ | အခြားပဲ | US$ | ၆.၅၆ | ၄.၀၃၅ | ၁၀.၀၇၇ | -၆.၀၄ | -၆၀% |
| | | တန်ချိန် | ၅၄၈၀.၅၃ | ၅၆၄၇.၅၆၅ | ၁၁၉၆၈.၂၉ | -၆၃၂၀.၇၃ | -၅၃% |




ပုံ (၈)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ပုံ (၉)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

## ဆီထွက်သီးနှံတင်ပို့မှုအခြေအနေ

၁၆။ ဆီထွက်သီးနှံဖြစ်သော မြေပဲဆံနှင့်နှမ်း တင်ပို့မှုကိုလေ့လာပါက **မြေပဲဆံ**တင်ပို့မှုမှာ ယခုနှစ်တွင်တန်ချိန် (၄၉၉၅၃.၄၃၄)၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၄၇.၆၆၃)သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် တန်ချိန်(၁၂၇၂၁၂.၀၄၆)၊ တန်ဖိုး ဒေါ်လာ (၁၅၇.၆၆၆) သန်း တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၇၇၂၅၈.၆၁၂)နှင့် တန်ဖိုး ဒေါ်လာ (၁၁၀.၀၀၃) သန်း လျော့နည်းခဲ့ကြောင်း (ဇယား-၇) တွေ့ရသည်။

၁၇။ **နှမ်း**တင်ပို့မှုမှာ ယခုနှစ်တွင် တန်ချိန် (၁၅၁၄၆၃.၇၈၆) နှင့် တန်ဖိုး ဒေါ်လာ (၁၉၄.၁၈၉) သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် တန်ချိန် (၂၀၉၄၆၅.၆၄၈)နှင့် တန်ဖိုး ဒေါ်လာ (၂၈၄.၄၇၂) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၅၈၀၀၁.၈၆၂) နှင့် တန်ဖိုး ဒေါ်လာ(၉၀.၂၈၃)သန်း လျော့နည်းခဲ့ကြောင်း (ဇယား-၆) တွေ့ရသည်။

## ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ

ဇယား (၇) – ၂၀၂၁–၂၀၂၂ခုနှစ်၊ မတ်လအတွင်း ရေထွက်ပစ္စည်း
ပြည်ပတင်ပို့ရောင်းချမှုမှရရှိသည့်ဝင်ငွေစာရင်း

တန်ချိန်-မက်ထရစ်တန်(ရိုးရိုး)
တန်ဘိုး-အမေရိကန်ဒေါ်လာ

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| ၁ | **ပုံမှန်ကုန်သွယ်ရေး** | ၁၆၂၄၅.၆၄ | ၂၃.၈၆ | ၁၁၅၁.၇၆ | ၄.၆၉ | ၉၃၅၂.၁၅ | ၂၂.၆၂ | ၂၆၇၄၉.၅၄ | ၅၁.၁၆၈ |
| | (က) ပုဂ္ဂလိကကုမ္ပဏီများ | ၁၆၂၄၅.၆၄ | ၂၃.၈၆ | ၁၁၅၁.၇၆ | ၄.၆၉ | ၉၃၅၂.၁၅ | ၂၂.၆၂ | ၂၆၇၄၉.၅၄ | ၅၁.၁၆၈ |
| ၂ | **နယ်စပ်ကုန်သွယ်ရေး** | ၃၁၀၅၁.၁၀ | ၂၆.၅၆ | ၂၉၁.၃၀ | ၁.၂၄ | ၆၅၀၃.၂၀ | ၁၀.၆၃ | ၃၇၈၄၅.၆ | ၃၈.၄၂၅ |
| | (က) မြဝတီ | ၂၉၂.၆၉ | ၀.၃၈၂ | ၅.၁ | ၀.၀၆၃ | ၉၇၂.၀၁၁ | ၁.၄၃၉ | ၁၂၆၉.၈၅ | ၁.၈၈၄ |
| | (ခ)ကော့သောင်း | ၂၈၇၆၆.၆၂၁ | ၂၃.၈၇၁ | ၂၇၈.၁၃၇ | ၁.၁၂၃ | ၁၇၂၇.၂၄၇ | ၄.၁၇၉ | ၃၀၇၇၂.၀၁ | ၂၉.၁၇၃ |
| | (ဂ)စစ်တွေ | ၄၁၆.၅ | ၀.၅၁၂ | | | ၈ | ၀.၀၀၉ | ၄၂၄.၅ | ၀.၅၂၁ |
| | (ဃ)မြိတ် | ၁၅၆.၂၃ | ၀.၁၈၄ | ၆.၆၃ | ၀.၀၄ | ၂၄၀၇.၅၂၅ | ၂.၇၃၂ | ၂၅၇၀.၃၉ | ၂.၉၅၆ |
| | (င)မူဆယ် | | | | | | | ၀. | ၀.၀၀၀ |
| | (စ)မောင်တော | ၁၀၀၈.၄၂ | ၁.၂၆၃ | | | ၃၁၅.၈ | ၀.၃၁၂ | ၁၃၂၄.၂၂ | ၁.၅၇၅ |

တန်ချိန်-မက်ထရစ်တန်(ရှီးရှီး)
တန်ဘိုး-အမေရိကန်ဒေါ်လာ

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| | (ဆ)တမူး | | | | | | | ၀. | ၀.၀၀၀ |
| | (ဇ)ချင်းရွှေဟော် | | | | | | | ၀. | ၀.၀၀၀ |
| | (ဈ)ထီးခီး | ၃၂ | ၀.၀၃၇ | | | ၂၉၉.၁ | ၀.၄၁၂ | ၃၃၁.၃၄ | ၀.၄၄၉ |
| | (ည)ရိ(ဒ်) | | | | | | | ၀. | ၀.၀၀၀ |
| | (ဓ)မောတောင် | ၃၇၈.၃၉၅ | ၀.၃၁၃ | ၁.၃၉ | ၀.၀၁၂ | ၇၇၃.၅၂ | ၁.၅၄၂ | ၁၁၅၃.၃၁ | ၁.၈၆၇ |
| | ပြည်ပပို့ကုန်စုစုပေါင်း | ၄၇၂၉၆.၇၃၆ | ၅၀.၄၁၉ | ၁၄၄၃.၀၅၄ | ၅.၉၂၈ | ၁၅၈၅၅.၃၅၂ | ၃၃.၂၄၆ | ၆၄၅၉၅.၁၄၂ | ၈၉.၅၉၃ |

၁၈။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၂၁-၂၀၂၂ ခုနှစ်၊ မတ်လအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှရရှိသည့် စုစုပေါင်းဝင်ငွေစာရင်းကို လေ့လာပါက ငါးမှာ တန်ချိန် (၄၇၂၉၆.၇၃၆)တန် ၊ တန်ဖိုး ဒေါ်လာ (၅၀.၄၁၉)၊ ပုဇွန်မှာ တန်ချိန်(၁၄၄၃.၀၅၄)တန်၊ တန်ဖိုး ဒေါ်လာ (၅.၉၂၈) နှင့် အခြားရေထွက် ပစ္စည်းများမှာ တန်ချိန်(၁၅၈၅၅.၃၅၂)၊ တန်ဖိုး ဒေါ်လာ (၃၃.၂၄၆) ရရှိခဲ့သည်ကို (ဇယား-၇ )အရ သိရှိရပါသည်။

၁၉။ ယခင်နှစ်အလားတူကာလ ၂၀၂၀-၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ငါး(၄၁၇၇.၄၄၉) တန်ချိန်နှင့် (၉.၉၃၈)တန်ဖိုး၊ ပုဇွန်(၃၉၁.၈၄၄)တန်ချိန်နှင့် (၃၉၁.၈၄၄)တန်ဖိုး နှင့် အခြားရေထွက်ပစ္စည်းများမှာ (၁၉၀၀၅.၂၃၃)တန်ချိန်နှင့် (၂၈.၉၀၉၀) တန်ဖိုး တိုးမြင့်ခဲ့သည်ကို ဇယား (၇) အရသိရှိရပါသည်။

## ပြည်ပမှသွင်းကုန်တင်သွင်းမှုအခြေအနေ

## (၅) နှစ်တာကာလအတွင်း သွင်းကုန်တင်ပို့မှုနှိုင်းယှဉ်ချက်

၂၀။ ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၇,၂၁၁.၀၆) သန်းရှိခဲ့ပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်(ယာယီ)တွင် (၁၄,၆၇၇.၆၆) သန်းရှိခဲ့သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၂,၅၃၃.၄၀) သန်း (၁၅%) လျော့နည်းလာခဲ့ကြောင်း(ဇယား-၈)အရ သိရသည်။

### ဇယား (၈) – ကုန်စည်ပစ္စည်းများအလိုက်တင်သွင်းမှုတန်ဖိုးအခြေပြဇယား
### ၂၀၁၁-၂၀၁၂ မှ ၂၀၂၁-၂၂ (မတ်လ ၃၁ ရက်အထိ)

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ (ယာယီ) | ၂၀၂၁-၂၀၂၂ (၁-၁၀-၂၀၂၁) မှ (၃၁-၃-၂၀၂၂) ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၃၇၁၈.၀၂ | ၃၈၄၂.၄၅ | ၅၆၉၁.၉၅ | ၈၀၃၇.၅၆ | ၈၂၅၃.၈၉ | ၆၉၁၉.၃၉ | ၆၅၉၀.၄၁ | ၃၄၅၅.၃၄ | ၅၈၆၁.၄၅ | ၇၃၁၅.၃၃ | ၄၇၄၀.၆၇ | ၁၄၉၂.၁၇ |
| ( ခ ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၄၀၇၁.၅၇ | ၃၇၂၈.၈၄ | ၅၆၈၄.၀၃ | ၅၆၈၂.၄၉ | ၄၈၂၀.၇၂ | ၆၁၆၅.၃၆ | ၇၆၈၅.၀၆ | ၃၇၆၅.၈၅ | ၇၃၇၉.၆၉ | ၆၈၇၃.၂၇ | ၅၄၃၃.၈၇ | ၃၅၇၃.၀၆ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၁၂၄၅.၄၇ | ၁၄၉၇.၆၂ | ၂၃၈၃.၅၂ | ၂၉၁၃.၁ | ၃၅၀၃.၃၅ | ၄၁၂၆.၃၁ | ၄၄၁၉.၄၃ | ၂၆၄၆.၅၉ | ၄၈၄၅.၄၇ | ၄၈၆၂.၂၆ | ၄၅၀၃.၁၂ | ၁၇၄၅.၆၇ |
| (ဃ) | CMP | - | - | - | - | - | - | - | - | - | - | - | ၁၁၄၄.၃၅ |
| | စုစုပေါင်း | ၉၀၃၅.၀၆၃ | ၉၀၆၈.၉၁ | ၁၃၇၅၉.၅၁ | ၁၆၆၃၃.၁၅ | ၁၆၅၇၇.၉ | ၁၇၂၁၁.၀၆ | ၁၈၆၉၄.၉ | ၉၈၆၇.၇၈ | ၁၈၀၈၆.၆ | ၁၉၀၅၀.၉ | ၁၄၆၇၇.၆၆ | ၇၉၅၅.၂၆ |

## သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၂၁။ သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀၂၁-၂၂ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်မှ မတ်လ (၃၁)ရက်ထိ ဒေါ်လာ (၅၁၄၂.၂၇) သန်း ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် ဒေါ်လာသန်း (၆၁၂၄.၅၃) ရှိခဲ့သဖြင့် ဒေါ်လာသန်း (၉၈၂.၂၆၊ (၁၆%) (ဇယား-၉) လျော့နည်းတင်သွင်းခဲ့သည်ကို တွေ့ရသည်။

### ဇယား (၉) – ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၁-၂၀၂၂ Mini Budget (ယာယီ) | | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၈၇.၇၈ | ၁၄၀၄.၃၈၉ | ၁၄၉၂.၁၆၉ | ၅၃၆.၂၁၂ | ၂၂၄၄.၁၀၂ | ၂၇၈၀.၃၁၄ | -၄၄၈.၄၃၂ | -၈၃၉.၄၃၂ | -၁၂၈၈.၁၄၅ | -၅၀% |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၆၁.၇၇၅ | ၃၅၁၁.၂၈၈ | ၃၅၇၃.၀၆၃ | ၄၈.၃၁၆ | ၂၅၂၆.၅၁၆ | ၂၅၇၄.၈၃၂ | ၁၃.၄၅၉ | ၉၈၄.၇၇၂ | ၉၉၈.၂၃၁ | ၃၉% |
| ၃ | လူသုံးကုန်ပစ္စည်း | ၂၆.၄၇ | ၁၇၁၉.၂၀၄ | ၁၇၄၅.၆၇၄ | ၁၅.၀၈၈ | ၁၆၀၅.၀၆၁ | ၁၆၂၀.၁၄၉ | ၁၁.၃၈၂ | ၁၁၄.၁၄၃ | ၁၂၅.၅၂၅ | ၄% |
| ၄ | CMP | | ၁၁၄၄. ၃၅၂ | ၁၁၄၄.၃၅၂ | | ၈၁၅.၂၅၅ | ၈၁၅.၂၅၅ | | ၃၂၉.၀၉၇ | ၃၂၉.၀၉၇ | ၃၀% |
| | စုစုပေါင်း | ၁၇၆.၀၂၅ | ၇၇၇၉.၂၃၃ | ၇၉၅၅.၂၅၈ | ၅၉၉.၆၁၆ | ၇၁၉၀.၉၃၄ | ၇၇၉၀.၅၅ | -၄၂၃.၅၉၂ | ၅၈၈.၂၉၉ | ၁၆၄.၇၀၈ | -၄% |

၂၂။ ကုန်စည်အုပ်စုလိုက်တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၃၅၇၃.၀၆၃) သန်းဖြင့် အများဆုံးနှင့် လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၁၇၄၅.၆၇၄) သန်း ဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ် အလားတူကာလတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာသန်း (၂၇၈၀.၃၁၄) ဖြင့်

အများဆုံး၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှု ဒေါ်လာသန်း(၂၅၇၄.၈၃၂) ဖြင့် ဒုတိယ အများဆုံး (ဇယား-၉) တင်သွင်းခဲ့သည်ကို တွေ့ရသည်။

## လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

၂၃။ အဓိကကုန်သွင်းကုန် (၁၁)မျိုးအနက် လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေမှာ စားအုန်းဆီ တန်ချိန် (၃၀၂၃၆၂)၊ တန်ဖိုးဒေါ်လာ (၄၂၀.၇၇၈) သန်း၊ ဓာတ်မြေဩဇာတန်ချိန် (၄၄၀၃၁၇)၊ တန်ဖိုး ဒေါ်လာ (၂၂၁.၇၂၅) သန်း၊ ဂျုံစေ့ တန်ချိန် (၁၈၁၈၄၀)၊ တန်ဖိုး (၆၈.၇၀၆) သန်းနှင့် ဂျုံမှုန့် တန်ချိန် (၂၉၉၀)၊ တန်ဖိုး (၁.၃၈၅) သန်း ပါရှိခဲ့သည်ကို အောက်ဖော်ပြပါ (စာရင်းဇယား -၁၀)အရ သိရှိရပါသည်။


၂၄။ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်အမယ် (၁၁)မျိုးအနက် လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းဖြစ်သည့် စားအုန်းဆီမှာ ယခင်နှစ်ထက် တန်ချိန်(၁၁၀၉၂၁) လျော့နည်းတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၅၂.၁၈၂) သန်းတိုးမြင့်လာခဲ့သည်ကို တွေ့ရသည်။ အခြားကုန်စည်များဖြစ်သော ဂျုံမှုန့် မှာ တန်ချိန် (၃၈၃၂)၊ တန်ဖိုး ဒေါ်လာ (၀.၈၄၄) သန်း လျော့နည်းခဲ့သည်။ ဂျုံစေ့မှာ တန်ချိန် (၂၃၂၉၅) လျော့နည်းတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၁၂.၄၈၇) သန်းတိုးမြင့် တင်သွင်းခဲ့သည်။ ဓာတ်မြေဩဇာမှာတန်ချိန် (၂၂၇၀၈၀)လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၆၁.၈၆၂) သန်း တိုးမြင့်ခဲ့သည်ကို (ဇယား -၁၀၊ ပုံ-၁၀နှင့် ပုံ-၁၁) တွေ့ရသည်။

### ဇယား (၁၀) အဓိကကုန်ပစ္စည်း(၁၁)မျိုး၏ တင်သွင်းမှုအခြေပြဇယား


အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (အောက်တိုဘာလ မှ မတ်လ ထိ ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် (၂၀၂၁-၂၀၂၂) | ယခင်နှစ် (၂၀၂၀-၂၀၂၁) | ခြားနားချက် | |
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | **US$** | **၂၄၁၁.၅၂၉** | **၁၈၇၉.၆၁၇** | **၅၃၁.၉၁၂** | **၂၈%** |
| ၁ | ဒီဇယ် | US$ | ၁၁၉၅.၁၂၈ | ၆၄၆.၂၀၈ | ၅၄၈.၉၂ | ၈၅% |
| | | တန် | ၁၅၈၅၆၇၅ | ၁၆၂၅၅၇၄ | -၃၉၈၉၉. | -၂% |
| ၂ | ဓါတ်ဆီ | US$ | ၈၁၅.၄၀၄ | ၄၄၁.၆၆ | ၃၇၃.၇၄၄ | ၈၅% |
| | | တန် | ၉၈၁၈၈၁ | ၉၃၃၇၅၃ | ၄၈၁၂၈. | ၅% |
| ၃ | စားအုန်းဆီ | US$ | ၄၂၀.၇၇၈ | ၃၆၈.၅၉၆ | ၅၂.၁၈၂ | ၁၄% |
| | | တန် | ၃၀၂၃၆၂ | ၄၁၃၂၈၄ | -၁၁၀၉၂၂ | -၂၇% |
| ၄ | **မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း** | **US$** | **၁၇၈.၇၃၇** | **၄၅၁.၀၅** | -၂၇၂.၃၁၃ | -၆၀% |
| | | **စီး** | **၄၇၀၅** | **၁၈၀၀၁** | -၁၃၂၉၆. | -၇၄% |

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (အောက်တိုဘာလ မှ မတ်လ ထိ ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် (၂၀၂၁-၂၀၂၂) | ယခင်နှစ် (၂၀၂၀-၂၀၂၁) | ခြားနားချက် | |
| | | | | | ပမာဏ | % |
| | လူစီးယာဉ် | US$ | ၄၉.၅၀၁ | ၁၃၇.၉၅ | -၈၈.၄၄၉ | -၆၄% |
| | | စီး | ၂၃၄၈ | ၈၉၂၀ | -၆၅၇၂. | -၇၄% |
| | ဘတ်စ် | US$ | ၂.၀၄၃ | ၇.၉၉၇ | -၅.၉၅၄ | -၇၄% |
| | | စီး | ၁၃၂ | ၄၁၄ | -၂၈၂. | -၆၈% |
| | ထရပ် | US$ | ၉.၃၄၉ | ၄၈.၅၆၁ | -၃၉.၂၁၂ | -၈၁% |
| | | စီး | ၈၄၆ | ၃၉၃၁ | -၃၀၈၅. | -၇၈% |
| | ယန္တယား | US$ | ၉၃.၇၄၇ | ၁၉၉.၀၉၉ | -၁၀၅.၃၅၂ | -၅၃% |
| | | စီး | ၁၃၇၉ | ၄၇၃၆ | -၃၃၅၇. | -၇၁% |
| | ယာဉ်အပိုပစ္စည်း | US$ | ၂၄.၀၉၆ | ၅၇.၄၄၂ | -၃၃.၃၄၆ | -၅၈% |
| ၅ | ဘိလပ်မြေ | US$ | ၁၇.၈၂၅ | ၄၂.၈၃၂ | -၂၅.၀၀၇ | -၅၈% |
| | | တန် | ၂၀၇၄၈၃ | ၅၆၈၈၆၃ | -၃၆၁၃၈၀. | -၆၄% |
| ၆ | ဓာတ်မြေသြဇာ | US$ | ၂၂၁.၇၂၅ | ၁၅၉.၈၆၃ | ၆၁.၈၆၂ | ၃၉% |
| | | တန် | ၄၄၀၃၁၇ | ၆၆၇၃၉၇ | -၂၂၇၀၈၀. | -၃၄% |
| ၇ | ဂျုံစေ့ | US$ | ၆၈.၇၀၆ | ၅၆.၂၁၉ | ၁၂.၄၈၇ | ၂၂% |
| | | တန် | ၁၈၁၈၄၀ | ၂၀၅၁၃၄ | -၂၃၂၉၅ | -၁၁% |
| ၈ | ဂျုံမှုန့် | US$ | ၁.၃၈၅ | ၂.၂၂၉ | -၀.၈၄၄ | -၃၈% |
| | | တန် | ၂၉၉၀ | ၆၈၂၂ | -၃၈၃၂ | -၅၆% |
| ၉ | နို့ဆီ | US$ | ၁၀.၄၀၆ | ၁၁.၇၁၃ | -၁.၃၀၇ | -၁၁% |
| | | တန် | ၈၀၀၅ | ၁၀၂၆၀ | -၂၂၅၅ | -၂၂% |
| ၁၀ | နို့စိမ်း | US$ | ၁၃.၁၇၅ | ၁၇.၄၂၃ | -၄.၂၄၈ | -၂၄% |
| | | တန် | ၉၇၆၃ | ၁၄၂၄၅ | -၄၄၈၂ | -၃၁% |
| ၁၁ | နို့မှုန့် | US$ | ၁၉.၉၅၀ | ၁၈.၅၁၁ | ၁.၄၃၉ | ၈% |
| | | တန် | ၅၄၉၆ | ၇၇၃၁ | -၂၂၃၅ | -၂၉% |




ပုံ(၁၀)။ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်– ဒေါ်လာသန်း)




ပုံ(၁၁)။ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

၂၅။ အခြားတင်သွင်းကုန်များဖြစ်သည့် နို့ဆီမှာ တန်ချိန် (၈၀၀၅)၊ တန်ဖိုးဒေါ်လာ (၁၀.၄၁) သန်း၊ နို့စိမ်းမှာ တန်ချိန် (၉၇၆၃)၊ တန်ဖိုးဒေါ်လာ (၁၃.၁၈) သန်းနှင့် နို့မှုန့်မှာ တန်ချိန် (၅၄၉၆)၊ တန်ဖိုးဒေါ်လာ (၁၉.၉၅) သန်း စီပါရှိခဲ့ကြောင်း သိရှိရပါသည်။

## နိဂုံး

၂၆။ မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှု(လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံ တင်ပို့နိုင်မှု) အခြေအနေနှင့် တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေများအား သိရှိနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

**လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ**